**AFSIM** We Care!

# AGRICULTURE & FOOD SERVICES INTERNATIONAL MYANMAR


၀၉၉၇၆၅၉၂၂၀၅
www.afsim.eu
afsim2018@gmail.com
contact@afsim.eu


## AFSIM ၏ ရည်ရွယ်ချက်မှာ မြန်မာ့စိုက်ပျိုးစားသောက်ကုန်ကဏ္ဍ၏ မြှင့်တင်မှုများကို ထောက်ပံ့ပေးရန်ဖြစ်သည်။ ”



# အနာဂတ်မြန်မာ့ စားသောက်ကုန်ကဏ္ဍ အားဘေး အန္တရာယ်ကင်း အရည်အသွေးကောင်း သောစားသောက်ကုန်များအဖြစ် မြှင့်တင်ခြင်း ”

စီးပွါးရေးအမြတ်အစွန်းပိုမိုရရှိစေရန်နှင့် ပြည်တွင်းပြည်ပစားသုံးသူများလိုအပ်သည့် အရည်အသွေးကောင်းကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရန်အတွက် မြန်မာ့စိုက်ပျိုးစားသောက် ကုန်ကဏ္ဍကို အလျှင်အမြန်ပြောင်းလဲရန်လိုအပ်ပေသည်။ “နိုင်ငံတော်ပြည်ပပို့ကုန်ဗျူဟာ” (National Export Strategy) ၏မျှော်မှန်းချက်မှာ လယ်ယာထွက်ကုန်များကို တန်ဖိုးမြှင့်၍ဘေးအန္တရာယ်ကင်းရှင်းသောစားသောက်ကုန်များအဖြစ် ပြည်ပသို့တင်ပို့နိုင်ရန်ဖြစ်သည်။ မြန်မာ့လယ်ယာထွက်ကုန် အခွင့်အလမ်းများကို အပြည့်အဝ ရရှိနိုင်ရန်အတွက် လယ်ယာစားကုန်ကဏ္ဍ အနေဖြင့် ခေတ်မီထုတ်လုပ်ရေး၊ စီမံခန့်ခွဲရေးနည်းစနစ်များ၊ နှင့် နိုင်ငံတကာစံချိန်မီနည်းလမ်းကောင်းများကို လက်ခံကျင့်သုံးသင့် ပေသည်။ သို့မှသာ ဈေးကွက်ချဲ့ထွင်နိုင်မည်ဖြစ်ပြီး စီးပွားရေးအမြတ်အစွန်းပိုမိုရရှိ၍ ရေရှည်စိုက်ပျိုးထုတ်လုပ်နိုင်မည်ဖြစ်ပါသည်။

AFSIM ၏ ရည်ရွယ်ချက်မှာ မြန်မာ့စိုက်ပျိုးစားသောက်ကုန်ကဏ္ဍ၏ နည်းပညာမြှင့်တင်မှုများကို ထောက်ပံ့ပေးရန်ဖြစ်သည်။ အဓိကအားဖြင့် စိုက်ပျိုးထုတ်လုပ်၍ တန်ဖိုးမြှင့်စားကုန်ပစ္စည်းများ ဖြန့်ဖြူးသူများ၏ လုပ်ငန်းနားလည်ဆောင်ရွက်နိုင်မှု၊ စီးပွားရေးအမြတ်အစွန်းပိုမိုရရှိစေမှု၊ နှင့် ရေရှည်ဆောင်ရွက်နိုင်မှုများကို ပံ့ပိုးပေးသွားရန် ဖြစ်သည်။ အဆိုပါရည်ရွယ်ချက်များကို အောင်မြင်စွာအကောင်အထည်ဖေါ်နိုင်ရန်အတွက် AFSIM မှစတင်၍ အကြံဉာဏ်ကောင်းများပေးခြင်း၊ စီမံခန့်ခွဲမှုနည်းပညာများ ပံ့ပိုးပေးခြင်းနှင့် ဘက်စုံအရည်အချင်းမြှင့်တင်နိုင်ရေးအတွက် အခြားဝန်ဆောင်မှုများကို ပံ့ပိုးပေးသွားမည်ဖြစ်သည်။ ဤသို့ဆောင်ရွက်ရာတွင် နိုင်ငံတကာ၏ ကျင့်သုံးမှုများ (ဥပမာ UNIDO Compete-Comply-Connect model, IFC) ကို အပြည့်အဝ လက်ခံကျင့်သုံးသွားမည်ဖြစ်သည်။



## ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအားမြှင့်တင်ခြင်း

AFSIM မှ လုပ်ငန်းပိုင်ရှင်များနှင့် အမှုဆောင် မန်နေဂျာများအားကူညီ၍ ကုမ္ပဏီ၏ စီးပွားရေးယှဉ်ပြိုင်နိုင်မှု အခွင့်အလမ်းများနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်စွမ်းအားကို ကူညီမြှင့်တင်ပေးသွားမည် ဖြစ်သည်။

- နည်းစနစ်သုံးသပ်ခြင်း (သို့) စီမံကိန်းရေးဆွဲခြင်း၊ အခြေအနေ စီစစ်သုံးသပ်ခြင်း၊ နှင့် အခြေခံစွမ်းဆောင်ရည်သတ်မှတ်ခြင်း။
- လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မှုအစီအစဉ်များ ပိုမိုကောင်းမွန်အောင် ပြုပြင်ခြင်း။
- ဝန်ထမ်းရေးရာစီမံခန့်ခွဲရေးနှင့် နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုစွမ်းအားမြှင့်တင် ပေးခြင်း။
- သွင်းအားစုများကို မှန်ကန်အကျိုးရှိစွာ သုံးစွဲခြင်း (ဥပမာအားဖြင့် လယ်ယာစိုက်ကွင်းနှင့်စက်ရုံများ တွင်စစ်ဆေးခြင်း၊ စွမ်းအင်နှင့်ရေအကျိုးရှိစွာသုံးစွဲမှုစနစ်များချမှတ်ဆောင်ရွက်ခြင်း၊ နှင့် ဝန်ထမ်းရေးရာစီမံခန့်ခွဲမှုနည်းစနစ်များ ချမှတ်ဆောင်ရွက်ခြင်း) တို့တွင် ကူညီဆောင်ရွက်ပေးခြင်း။



## စားသောက်ကုန်ဘေးအန္တရာယ် ကင်းမှုသေချာစေခြင်း

စားသောက်ကုန်ပြင်ဆင်ခြင်းနှင့် လက်လီရောင်းချခြင်း ကဏ္ဍများ၏ ဈေးကွက်ချဲ့ထွင်နိုင်မှု၊ ကုန်ကျစရိတ် လျှော့ချနိုင်မှု၊ နှင့် ပိုမိုသန့်ရှင်းသောစားသောက်ကုန်များ ဖြန့်ဖြူးနိုင်မှုများကို ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်သည်။

- စားသောက်ကုန် အန္တရာယ်ကင်းရှင်းရေးစစ်ဆေးမှုများနှင့် လုပ်ငန်းခွင်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကူညီပံ့ပိုးပေးခြင်း။
- စားသောက်ကုန် အန္တရာယ်ကင်းရှင်းရေး စီမံခန့်ခွဲမှုအတွက်ရင်းနှီးမြှုပ်နှံခြင်းအားဖြင့် ရရှိနိုင်သည့် ငွေကြေးအကျိုးအမြတ်များကို အသိပညာပေးခြင်း။
- သက်ဆိုင်ရာကဏ္ဍ၏ မန်နေဂျာများ၊ တာဝန်ရှိသူများနှင့် အခြားအကြံပြုပညာရှင်များအား သင်တန်းများပို့ချပေး၍ ၎င်းတို့၏ စွမ်းဆောင်ရည်များ မြှင့်တင်ပေးခြင်း။




## ဈေးကွက်နှင့် အခြားလိုအပ်ချက်များကို ဆက်စပ်ပေးခြင်း

လုပ်ငန်းရှင်များအား ပြည်ပပို့ကုန်ဈေးကွက်ချဲ့ထွင်နိုင်ရန် ကူညီပေးမည်ဖြစ်သည်။


- ပို့ကုန်ဈေးကွက်များ၏ လိုအပ်ချက်များ ကို ပြည့်စုံစွာဆွေးနွေးတင်ပြပေးခြင်း။
- လိုအပ်သော ကုန်ပစ္စည်းထုပ်ပိုးခြင်း၊ ပါဝင်ပစ္စည်းဖော်ပြမှုနှင့် အခြားလိုအပ်ချက်များအတွက် စာရွက်စာတမ်းများ စီစစ်သုံးသပ်ပေးခြင်း။
- ပြည်ပနိုင်ငံများသို့ကုန်ပစ္စည်းတင်ပို့ပြီးနောက် တွေ့ကြုံရသော အခက်အခဲများအား ကူညီဖြေရှင်း ပေးခြင်း။ ဥပမာအားဖြင့် ရောင်းဝယ်ဖေါက်ကားခြင်း၊ အရောင်းမြှင့်တင်ခြင်း၊ နှင့် ဝယ်သူအဆက် အသွယ်ကောင်းများ ရှာဖွေဆက်သွယ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။



## ပိုမိုကောင်းမွန်သော ကုန်ပစ္စည်း တင်သွင်းသူများ ရရှိစေခြင်း

တပိုင်တနိုင်စိုက်ပျိုးသူများနှင့် ကုန်ထုတ်လုပ်သူများ၏ စွမ်းဆောင်ရည် မြှင့်တင်ပေးသွားမည်ဖြစ်သည်။

- လိုအပ်ချက်စီစစ်ခြင်းနှင့် စိုက်ပျိုးတောင်သူအဖွဲ့များအား ရိတ်သိမ်းနည်းစနစ်များနှင့် ကုန်ထုတ်လုပ်မှုမြှင့်တင်နိုင်သည့် သင်တန်းများပို့ချပေးခြင်း။
- လယ်ယာ၊ သားငါး၊ စားသောက်ကုန်များ၏ ဇစ်မြစ်ကိုစိစစ်သိရှိနိုင်သည့်စနစ် တည်ထောင်ပေးခြင်း။
- အမျိုးသမီးစိုက်ပျိုးထုတ်လုပ်သူများအား စီးပွားရေးစွမ်းဆောင်နိုင်မှုအားပေးမြှင့်တင်ပေးခြင်း။ စိုက်ပျိုးရေးသွင်းကုန်ပစ္စည်းများ၏ အရည်အသွေး၊ မျိုးပွားနိုင်မှု၊ နှင့် အာဟာရဓါတ်ပါဝင်မှုဆိုင်ရာ ပြဿနာများအား ကူညီဖြေရှင်းပေးခြင်း။



## အများပြည်သူအသိပေးပညာပေးရေးနှင့် ကျွမ်းကျင်မှု မြှင့်တင်ပေးခြင်း

အန္တရာယ်ကင်းရှင်းသောစားသုံးကုန်များထုတ်လုပ်မှုတွင် ကျွမ်းကျင်ရန်နှင့် ကုန်ပစ္စည်းအရည်အသွေးမြင့်တင်မှုအပေါ် ပိုမိုစိတ်ဝင်စားမှုရှိစေရန် အသိပညာဖြန့်ဖြူးပေးသွားမည် ဖြစ်သည်။

- ဒေသတွင်း (သို့) နိုင်ငံတွင်း အလုပ်ရုံဆွေးနွေးပွဲများတွင် ပါဝင်စေခြင်း။
- စားသုံးသူအဖွဲ့အစည်းများအား ကူညီအားပေးခြင်း။
- စိုက်ပျိုးစားသောက်ကုန်ကဏ္ဍတွင် အလုပ်သင်ကျောင်းသားများလက်ခံမွေးထုတ်ပေးခြင်း။
- အလွှာအသီးသီးမှ လူထု၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်မီစွမ်းအားမြှင့်တင်ခြင်းဆိုင်ရာ နည်းလမ်းများပံ့ပိုးပေးခြင်း။



## စည်းမျဉ်းစည်းကမ်းကိုက်ညီစေမည့် နည်းလမ်းများ ရှာဖွေပံ့ပိုးပေးခြင်း

ပုဂ္ဂလိကနှင့် အစိုးရ ဓါတ်ခွဲခန်းများ၊ စစ်ဆေးအတည်ပြု မှတ်ပုံတင်သည့်အဖွဲ့အစည်းများအား စွမ်းဆောင်နိုင်စွမ်း မြှင့်တင်ပေးသွားမည်ဖြစ်သည်။

- ISO 17025, ISO 17020 တို့နှင့် ကိုက်ညီသော စီမံခန့်ခွဲမှုစနစ်များ ချမှတ်ပေးခြင်း။
- စစ်ဆေးသည့်ဓါတ်ခွဲခန်းများအား သင်တန်းပေးခြင်းနှင့် ထောက်ပံ့မှုများ ပြုလုပ်ပေးခြင်း
- စစ်ဆေးအတည်ပြုသူများအား သင်တန်းပေးခြင်းနှင့် လုပ်ငန်းဆိုင်ရာအရည်အသွေးမြှင့်တင်ပေးခြင်း။
- စစ်ဆေးအတည်ပြုသည့်စနစ်များ ချမှတ်ဆောင်ရွက်နိုင်ရန် ကူညီပေးခြင်း။



## စားသောက်ကုန်လုပ်ငန်းများ အောင်မြင်ရန်အတွက် စားသောက်ကုန်ဘေးအန္တရာယ် ကင်းရှင်းရေးသည် အရေးပါသော အကြောင်းအရာ တစ်ခုဖြစ်ပါသလား။ ”

Agriculture &Food Services International Myanmar (AFSIM) အကြောင်း

AFSIM သည် စိုက်ပျိုးစားကုန်များ၏ စီးပွားရေးအမြတ်အစွန်းပိုမိုရရှိစေရန်နှင့် လုပ်ငန်းမသေချာမှုများကိုလျှော့ချနိုင်သည့် နည်းလမ်းများကို ကူညီရှာဖွေဖော်ထုတ် ပေးသွားမည်ဖြစ်သည်။ အဖွဲ့ကြီး၏ရည်ရွယ်ချက်မှာ စိုက်ပျိုးစားကုန်ကဏ္ဍ၏ ယှဉ်ပြိုင်နိုင်မှု (သို့) စီးပွားရေးအမြတ်အစွန်းပိုမိုရရှိစေရန်နှင့် ပြည်ပတင်ပို့ရောင်းချမှုဆိုင်ရာ အခက်အခဲများကို ကူညီဖြေရှင်းပေးရန်ဖြစ်သည်။ ဤသို့ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုအဖွဲ့အစည်းများ၏ ကောင်းကျိုးကို အစဉ်အမြဲ ထည့်သွင်းစဉ်းစားသွားမည်ဖြစ်သည်။ အဖွဲ့အနေဖြင့် အဆိုပါရည်ရွယ်ချက်များကို အကြံဉာဏ်များပေးခြင်း၊ နည်းပညာကူညီပံ့ပိုးပေးခြင်း၊ နှင့် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း စသည့်ဝန်ဆောင်မှုများပေး၍ ဖြည့်ဆည်းသွားမည်ဖြစ်သည်။



# စားသောက်ကုန်ဘေးအန္တရာယ်ကင်းရှင်းရေး ဘာကြောင့်အရေးကြီးပါသလဲ။

စိုက်ပျိုးစားသောက်ကုန်လုပ်ငန်းများတွင် ကျန်းမာရေးထိခိုက်စေ သည့် အန္တရာယ်တစ်စုံတစ်ရာကျရောက်ပါက ရရှိထားပြီးသော ဈေးကွက်ကိုဆုံးရှုံးနိုင်သကဲ့သို့ အဆိုးရွားဆုံးအနေဖြင့် ပြစ်ဒဏ်ငွေ ကျခံရခြင်းနှင့် လုပ်ငန်းဆုံးရှုံးခြင်းများ ရင်ဆိုင်ရနိုင်ပါသည်။

စားသုံးကုန်ပြုပြင်ထုတ်လုပ်သူများအနေဖြင့် အောက်ပါစိန်ခေါ်မှုများကို တွေ့ကြုံနိုင်ပါသည်။

- လုပ်ငန်းပြိုင်ဆိုင်မှုများခြင်း၊
- စားသုံးသူများပိုမိုနားလည်သိရှိ၍ လိုအပ်ချက်များပြားလာခြင်း၊
- သွင်းအားစုကုန်ကျစရိတ်များခြင်းနှင့် ကုန်ပစ္စည်းဈေးနှုန်းကျဆင်းခြင်း၊
- လက်လီ၊ လက္ကားရောင်းဝယ်စီးဆင်းမှုအတွက် လိုအပ်ချက်များပြားလာခြင်း၊
- အခြား အမျိုးမျိုးသော သတ်မှတ်ချက်များ ရှိခြင်း၊
- စာနယ်ဇင်းများ၏ စောင့်ကြည့်ဝေဖန်ခံရခြင်း။

ထိရောက်သော စားသောက်ကုန်အန္တရာယ်ကင်းရှင်းရေး စီမံဆောင်ရွက်မှုစနစ် တစ်ခုရှိခြင်းအားဖြင့် လုပ်ငန်းဆုံးရှုံးမှုများကိုထိန်းချုပ်နိုင်ပြီး၊ အန္တရာယ်ကင်း သောစားသောက်ကုန်များကို ပုံမှန်ထုတ်လုပ်သွားနိုင်မည်ဖြစ်သည်။
ကုမ္ပဏီတွင် ကိုယ်ပိုင်စီမံမှုစနစ်တစ်ခုရှိခြင်းအားဖြင့် အဆိုပါကုမ္ပဏီ၏ စွမ်းဆောင်မှုများကို ပိုမိုလွယ်ကူစွာ ကြည့်ရှုသုံးသပ်၍ တိုးတက်အောင် အစဉ်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

***တိုင်းတာမှုရှိမှ တိုးတက်မည် ”***

Karl Pearson

# စားသောက်ကုန်ဘေးအန္တရာယ်ကင်းရှင်းရေးစီမံမှုစနစ် (FSMS) ဆိုသည်မှာ အဘယ်နည်း။

စားသောက်ကုန်အန္တရာယ်ကင်းရှင်းရေးစီမံမှုစနစ်တစ်ခုကို လုပ်ငန်းဆုံးရှုံးနိုင်မှုအခြေအနေပေါ် အခြေခံ၍ တည်ဆောင်နိုင်သည်။ ထိုစနစ်ကို အန္တရာယ်ဖြစ်နိုင်မှုအလားအလာသုံးသပ်ချက်နှင့် ကာကွယ်နိုင်မှုတိုင်းတာချင်များအပေါ်အခြေခံ၍ တည်ဆောက်နိုင်သည်။ ထိုအခြေအနေတွင် ကုမ္ပဏီအနေဖြင့် သွင်းအားစုနှင့်ထုတ်ကုန်များကို ကောင်းစွာဆောင်ရွက်နိုင်ရမည်ဖြစ်သည်။

Additional Requirements
(labels, traceability, audits)

Voluntary Certification
Private Standards
GFSI, Global GAP

| | |
|---|---|
| Management | System |
| Documentation | Improvement |
| Records | Internal Audits |
| Responsibilities | Review |

ပုံမှန်စည်းမျဉ်း
စည်းကမ်းလိုအပ်ချက်များ
(FDA, CDC)

**ဆုံးရှုံးမှုဖြစ်နိုင်ခြေ စိစစ်လေ့လာချက်နှင့် အရေးကြီးထိန်းချုပ်နိုင်မှု အချက်အလက်များ**

HACCP စနစ် (စီမံခန့်ခွဲမှုနည်းစနစ်များ)
HACCP အစီအမံများ (လုပ်ငန်းစဉ်များအပေါ်မူတည်၍)

**ကောင်းမွန်သော ထုတ်လုပ်မှု အလေ့အကျင့်များ**

- သန့်ရှင်းမှုနှင့် ပိုးမွှားသန့်စင်မှု
- တစ်ကိုယ်ရေ သန့်ရှင်းမှု
- ပိုးမွှားထိန်းချုပ်နိုင်မှု
- အမှိုက်သရိုက် စီမံခန့်ခွဲမှု
- အခြေခံအဆောက်အအုံနှင့် စက်ရုံအလုပ်ရုံများ
- စက်ရုံနှင့် စက်ကိရိယာပစ္စည်းများ
- သယ်ယူပို့ဆောင်ခြင်းနှင့် သိုလှောင်ခြင်း
- ဈေးကွက်တွင်းနှင့် ဝယ်ယူခဲ့သူများထံမှ ကုန်ပစ္စည်း ပြန်လည်သိမ်းဆည်းခြင်း

# စားသောက်ကုန်ဘေးအန္တရာယ်ကင်းရှင်းရေးတိုးမြှင့်ခြင်း၏ အကျိုးကျေးဇူးများ

စားသောက်ကုန်အန္တရာယ်ကင်းရှင်းရေးစီမံဆောင်ရွက်မှုစနစ်တစ်ခုမှ အောက်ပါစွမ်းဆောင် ချက်များကို တိုးတက်စေနိုင်ပါသည်။

ရောင်းအားမြင့်တက်ခြင်းနှင့် အကျိုးအမြတ်ပိုမိုရရှိခြင်း

- လက်လီနှင့် ပြည်ပတင်ပို့မှု ဈေးကွက်များ ပိုမိုလွယ်ကူစွာချဲ့ထွင်နိုင်ပြီး အခွင့်အရေးကောင်းများ ပိုမိုရရှိနိုင်ပါသည်။
- ထုတ်ကုန်ပစ္စည်းတန်ဖိုးများ ပိုမိုမြင့်မားပြီး၊ မိမိတို့၏ တံဆိပ်အပေါ်ယုံကြည်မှု ပိုမိုရရှိနိုင်ပါသည်။
- စားသုံးသူများပိုမိုဝယ်ယူ၍ ရောင်းအားပိုမိုကောင်းစေပါသည်။

ဘေးထွက်ပစ္စည်းနဲပါးစေခြင်းနှင့် ကုန်ကျစရိတ်ပိုမိုနည်းပါးခြင်း

- ထုတ်လုပ်မှုအဆင့်များနှင့် စစ်ဆေးချက်များကြောင့် စက်ရုံအတွင်းဆုံးရှုံးမှု လျော့နည်းသွားခြင်း၊
- လုပ်ငန်းရပ်တန့်မှုနှင့် ပြန်လည်လုပ်ဆောင်ရခြင်းနည်းပါးခြင်းကြောင့် စက်ရုံ၏ ကုန်ထုတ်လုပ်မှု စွမ်းအား ပိုမိုကောင်းမွန်ခြင်း၊
- စက်ရုံလုပ်သားများ၏ အလုပ်လုပ်နိုင်စွမ်းနှင့် စွမ်းဆောင်ရည်မြင့်တက်ခြင်း၊
- စားသောက်ကုန်ဘေးအန္တရာယ်ကျရောက်မှုနှင့် စွပ်စွဲချက်များ လျော့ချနိုင်ခြင်း။

# ကျွမ်းကျင်ပညာရှင်များနှင့် အခမဲ့တွေ့ဆုံအကြံဉာဏ်ရယူခြင်း

လုပ်ငန်းခွင်အတွင်း စားသောက်ကုန်အန္တရာယ်ကင်းရှင်းရေး အခြေအနေ ကို စစ်ဆေးအကဲဖြတ်ခြင်း

- ရေရှည်ကုန်ကျစရိတ်နှင့် ဆုံးရှုံးနိုင်မှုအခြေအနေများ ခွဲခြမ်းစိတ်ဖြာသုံးသပ်ခြင်း
- နည်းလမ်းကောင်းများအသုံးပြုနိုင်ရန်အတွက် နည်းပညာလိုအပ်ချက်များ စိစစ်သုံးသပ်ခြင်း
- လုပ်ငန်းအလိုက် သင့်တော်မည့် အကောင်အထည်ဖေါ်ဆောင်ရွက်မှုများ (သို့) စီမံဆောင်ရွက်ချက်များ အကြံပြုခြင်း

စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များ

- GFSI ကဲ့သို့နိုင်ငံတကာအသိအမှတ်ပြု နည်းလမ်းကောင်းများကိုအခြေခံ၍ စစ်ဆေးအတည်ပြုသည့်စနစ်များ၊ ထိရောက်သော ခေတ်မီသင်တန်းပို့ချရေး နည်းလမ်းများကို မြန်မာနိုင်ငံတွင်သင်ကြားပေးခြင်း
- FS အကြံပေးပညာရှင်များနှင့် အထူးပြုပညာရှင်များအတွက် သင်ကြားရေး ထောက်ကူပြုစာရွက်စာတမ်းများ ထောက်ပံ့ပေးခြင်း

လုပ်ငန်းအလိုက်လိုအပ်သော စစ်ဆေးအတည်ပြုမှတ်ပုံတင်ခြင်းများကို ထောက်ပံ့ပေးခြင်း

- စီမံဆောင်ရွက်မှုစနစ်သစ်ကို စတင်သုံးစွဲပြီး တိုးတက်အောင်ကြိုးပမ်းဆောင်ရွက်ခြင်း
- လုပ်ငန်းအသီးသီးရှိ မန်နေဂျာနှင့် ဦးဆောင်သူများကို အနီးကပ်ကြီးကြပ် ပညာပေး ခြင်းနှင့် အခြားလိုအပ်ချက်များ ကူညီပံ့ပိုးခြင်း
- စာရွက်စာတမ်းများအား သုံးသပ်စီစစ်ပေးခြင်း





AFSIM ၏အကျိုးတူ ပူးပေါင်းပါဝင်သူများမှာ မြန်မာ၊
ဩစတြေးလျ၊ ဥရောပနိုင်ငံများနှင့် မြောက်အမေရိကနိုင်ငံများမှ
စားသောက်ကုန်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များဖြစ်ကြပြီး၊
ရှုပ်ထွေးသော စားသောက်ကုန်လုပ်ငန်းများ၏ ပြဿနာများကို
စီစစ်သုံးသပ်၍ ဖြေရှင်းပေးနိုင်သည့် အတွေ့အကြုံနှင့်
အသိပညာကြွယ်ဝသူများ ဖြစ်ကြသည်။
ထို့အပြင် AFSIM တာဝန်ရှိသူများ၏ အတွေ့အကြုံရင့်သန်မှုနှင့်
အမြော်အမြင်ကြီးမားမှုတို့ဖြင့် စည်းမျဉ်းစည်းကမ်းများကို
သတ်မှတ်ချက်နှင့်ကိုက်ညီအောင် ချမှတ်ဆောင်ရွက်နိုင်စေရန်
အကူအညီပေး သွားမည်ဖြစ်သည်။

AGRICULTURE &
FOOD SERVICES
INTERNATIONAL
MYANMAR